mgyoe.com
SAMPLE BOOK



# ပါရဂူ

# နှလုံးအိမ်ထဲက ငြိမ်းချမ်းရေး

mgyoe.com

တတိယအကြိမ်

design by freepik

mgyoe.com SAMPLE BOOK
ဗုဒ္ဓဘာသာသည် သိပ္ပံပညာနှင့်
နေရာအတော်များများ၌ နည်းနီးသလရည်း
ဆင်တူယိုးမှားရှိနေသည့်အတွက်
ဗုဒ္ဓဘာသာကို သိပ္ပံပညာနှင့်တူသည်ဟု
ပြောလျှင်မူ မှန်ကန်မှုရှိလိမ့်မည် မဟုတ်ပေ။
သိပ္ပံပညာကို လက်တွေ့အသုံးချခြင်းသည်
လူသားများအား အဆင်ပြေမှုများစွာဖြင့်
နေနိုင်အောင် လုပ်ပေးပြီး ရှေးယခင်က
အိပ်မက်ပင် မမက်ခဲ့ဖူးသော
အံ့သြဖွယ် အတွေ့အကြုံများကို
ပေးသည်မှာ အမှန်ပင်ဖြစ်သည်။
သိပ္ပံပညာသည် လူတို့အား ငါးများထက်ပင်
ရေကူးနိုင်အောင် ပြုလုပ်ပေးသည်။
ငှက်များထက်ပင် ကောင်းကင်အမြင့်၌
ပျံနိုင်အောင် ပြုလုပ်ပေးသည်။
လကမ္ဘာပေါ်၌ပင် လမ်းလျှောက်သွားနိုင်အောင်
ပြုလုပ်ခဲ့သည်။ သို့သော်လည်း
သိပ္ပံနည်းကျ အမှန်တရားသည်
အမြဲတစေ ပြောင်းလဲနေသည်။
သိပ္ပံပညာသည် လူကို ကိုယ့်စိတ်ကိုယ်
ထိန်းချုပ်မှု မပေးနိုင်ပေ။
အကျင့်သီလနှင့် ပတ်သက်သော
ထိန်းချုပ်ကွပ်ကဲမှုကိုလည်းကောင်း၊
လမ်းညွှန်မှုကိုလည်းကောင်း
ဗုဒ္ဓက ပေးနိုင်သော်လည်း
သိပ္ပံပညာက မပေးနိုင်ပေ။
အံ့ချီးစရာများစွာနှင့် ပြည့်စုံမှုရှိနေသော်လည်း
သိပ္ပံပညာမှာ ဗုဒ္ဓဘာသာအနေဖြင့်
လက်မခံနိုင်သော သတ်မှတ်ချက်များစွာ
ရှိနေသည်။

ISBN9789997136961
PYG85
9 789997 136961
MMK 8,000.00

mgyoe.com SAMPLE BOOK
mgyoe.com

mgyoe.com

SAMPLE BOOK

စိတ်ကူးချိုချိုစာအုပ်

# နှလုံးအိမ်ထဲက ငြိမ်းချမ်းရေး

## ပါရဂူ

[illegible]

mgyoe.com

mgyoe.com SAMPLE BOOK

နှလုံးအိပ်ထဲက ငြိမ်းချမ်းရေး ပါရဂူ
စာမျက်နှာ ၁၈၄ မျက်နှာ၊ ၁၃ စင်တီ x ၂၀.၅ စင်တီ

ထုတ်ဝေသူ - ဦးဝန်းညို၊ စိတ်ကူးချိုချိုစာပေ(၀၀၅၃၈)၊ ၈၅၊ ၁၆၄လမ်း၊ တာမွေ၊ ရန်ကုန်။
ပုံနှိပ်သူ - ဒေါ်ဝင်းမာ၊ စိတ်ကူးချိုချိုပုံနှိပ်တိုက်(၀၀၄၁၂)၊ ၁၁၇၉၊ မစိုးရိပ်လမ်း၊ ရန်ကင်း။
၂၀၂၅၊ ဧပြီလ၊ တတိယအကြိမ်၊ အုပ်ရေ ၅၀၀၊
၂၀၀၈၊ အောင်ပိုင်မင်းစာပေ၏ ပထမအကြိမ်မှ။

*email: skccph@gmail.com ; P.O.Box: 705*
*www.facebook.com/SKCCmyanmarbook*
*www.skccmyanmarbook.com*

mgyoe.com

mgyoe.com SAMPLE BOOK

# မာတိကာ


| | | |
|---|---|---|
| ၁။ | ဧရာဝတီ | ၁ |
| ၂။ | ဘာသာတရားနှင့် သိပ္ပံပညာ | ၅ |
| ၃။ | ဗုဒ္ဓဘာသာနှင့် သိပ္ပံပညာ | ၉ |
| ၄။ | ဗုဒ္ဓဘာသာနှင့် အမျိုးသမီး | ၁၃ |
| ၅။ | ဗုဒ္ဓခေတ်အမျိုးသမီး | ၁၈ |
| ၆။ | သမိုင်းတစ်လျှောက် ပွဲတင်ထပ်နေတဲ့စကား | ၂၆ |
| ၇။ | တာဝန်ကိုယ်စီ | ၃၀ |
| ၈။ | မိန်းမသည် ယောက်ျားထက်သာ၏ | ၃၃ |
| ၉။ | လူသားအတွက် သိပ္ပံပညာဘာလုပ်ခဲ့သလဲ | ၃၆ |
| ၁၀။ | မိန်းမဝတ္တရား | ၄၁ |
| ၁၁။ | လှုဂုဏ်မောက်သော ခေမာ | ၄၅ |
| ၁၂။ | အမျိုးသမီးများနှင့် မရဏာနုဿတိ | ၅၀ |
| ၁၃။ | အလယ်အလတ်လမ်းစဉ် | ၅၅ |


mgyoe.com

mgyoe.com SAMPLE BOOK


| | | |
|---|---|---|
| ၁၄။ | မဂ္ဂင်ရှစ်ပါး | ၅၉ |
| ၁၅။ | လူတန်းစားမခွဲခြား | ၆၂ |
| ၁၆။ | စိတ်၏တန်ခိုး | ၆၆ |
| ၁၇။ | ဘဝနေနည်း | ၆၉ |
| ၁၈။ | အမှောင်ကမ္ဘာမှ အလင်းကမ္ဘာသို့ | ၇၃ |
| ၁၉။ | ငရဲနှင့် နတ်ပြည် | ၇၇ |
| ၂၀။ | ဘယနှင့် သောက | ၈၀ |
| ၂၁။ | သဘာဝ၏အသံ | ၈၅ |
| ၂၂။ | သူ့အိုးနှင့် သူ့ဆန် | ၈၈ |
| ၂၃။ | အသုံးနှင့်အဖြုန်း | ၉၁ |
| ၂၄။ | မသေခင်တွေ့ရမည့်နတ်ချမ်းသာ | ၉၃ |
| ၂၅။ | ကိုယ့်ကိုယ်ကိုယ်အကျဉ်းချသူ | ၉၆ |
| ၂၆။ | လေဆန်ပစ်လိုက်ရတဲ့ဖုန်မှုန့် | ၁၀၁ |
| ၂၇။ | နှလုံးအိမ်ထဲက ငြိမ်းချမ်းရေး | ၁၀၄ |
| ၂၈။ | မမှားသောမနုဿ | ၁၀၇ |
| ၂၉။ | ကိုယ့်ပြဿနာကိုယ်ရှင်း | ၁၁၀ |
| ၃၀။ | ပြဿနာ ဘယ်လိုရှင်းမလဲ | ၁၁၄ |
| ၃၁။ | ပရဟိတသမားများအတွက် | ၁၁၉ |
| ၃၂။ | ကတညုတကတဝေဒီ | ၁၂၄ |
| ၃၃။ | 'အဝတာရ' ပြဿနာ | ၁၂၉ |
| ၃၄။ | ရဟန္တာနှင့်နိဗ္ဗာန် | ၁၃၆ |
| ၃၅။ | ထွက်တော်မူနန်းကခွာသည် | ၁၄၁ |


mgyoe.com

mgyoe.com SAMPLE BOOK


| | | |
|---|---|---|
| ၃၆။ | မေတ္တာရောင်ခြည် | ၁၄၆ |
| ၃၇။ | အမှောင်ကို ခွင်းမည့်ရောင်ခြည် | ၁၅၃ |
| ၃၈။ | ကြာငုံထဲက ပျားပိတုန်း | ၁၆၂ |
| ၃၉။ | ဘဝနေနည်းမှန် | ၁၆၇ |
| ၄၀။ | ဗုဒ္ဓနည်းကျ ဘဝနေနည်း | ၁၇၀ |
| ၄၁။ | ပေတုနှင့် ဖလ | ၁၇၃ |
| ၄၂။ | မြေအိုး၏ အရည်အသွေး | ၁၇၆ |
| ၄၃။ | ဘေသဇ္ဇဂုရု | ၁၈၀ |


*

mgyoe.com

mgyoe.com SAMPLE BOOK

## နှလုံးအိမ်ထဲက ငြိမ်းချမ်းရေး

ဒီစာအုပ်လေး ထုတ်ဝေဖြစ်အောင် ထုတ်ဝေခွင့်ပေးတဲ့ ဆရာပါရဂူ၊ ဆောင်းပါးတွေကို ကနဦးဖော်ပြခဲ့ကြတဲ့ ဖတ်စရာဂျာနယ်နဲ့ မိုးဆဝမ်းပန်းဂျာနယ်၊ ဖတ်စရာ ဂျာနယ်တွေကို အပတ်စဉ် ဝယ်ယူရာမှာ အကူအညီပေးခဲ့တဲ့ ကိုအောင်ခိုင်တို့ကို ကျေးဇူးတင်ကြောင်း ပြောလိုပါတယ်။ ။

**The Couple**

mgyoe.com

mgyoe.com SAMPLE BOOK

## ဧရာဝတီ

'ဂင်္ဂါ'သည် အိန္ဒိယနိုင်ငံ၏ ထင်ပေါ်ကျော်ကြားသော မြစ်ဖြစ်ပြီး 'ဧရာဝတီ'သည် မြန်မာနိုင်ငံ၏ ထင်ပေါ် ကျော်ကြားသော မြစ်ဖြစ်သည်။ ကျွန်တော့်စာအုပ်များ ထဲက စာအုပ်တစ်အုပ်၏အမည် 'ဂင်္ဂါနှင့် ဧရာဝတီ'၌ ပါရှိသော 'ဂင်္ဂါ'သည် အိန္ဒိယနိုင်ငံကို ကိုယ်စားပြုထား သော အမည်ဖြစ်ပြီး 'ဧရာဝတီ'ကား မြန်မာနိုင်ငံကို ကိုယ်စားပြုထားသော အမည်ဖြစ်သည်။

ကျွန်ုပ်တို့၏ ဘိုးစဉ်ဘောင်ဆက် ရှေးရှေး မြန်မာလူမျိုးတို့သည် မြန်မာနိုင်ငံ၏ ရှေးဟောင်းမြို့ များ၏ အမည်ကိုလည်းကောင်း၊ မြစ်များ၏ အမည် ကိုလည်းကောင်း၊ ပါဠိအမည် မှည့်ထားလေ့ရှိကြ သည်။ သူတို့မှည့်ထားသော အချို့နာမည်နာမများမှာ

mgyoe.com

mgyoe.com SAMPLE BOOK



အိန္ဒိယနိုင်ငံ၌ရှိသော အမည်နာမများနှင့် တစ်ပုံစံတည်း၊ တစ်ထပ်တည်း တူညီမှုရှိနေသည်ကို တွေ့ရသည်။

မြစ်ကြီးနားမြစ်ဆုံ ကြက်လျှာစွန်းတစ်ဖက်ဆီက စီးဆင်းလာသော မေခမြစ်နှင့် မလိခမြစ်သည် ကြက်လျှာစွန်း လွန်လာသောအခါ မေခမြစ်နှင့် မလိခမြစ် ပေါင်းဆုံပြီး တတိယမြစ် ဖြစ်လာသည်။ တတိယမြစ် ဖြစ်လာသောအခါ မေခနှင့် မလိခအမည် ပျောက်သွားပြီး 'ဧရာဝတီ'အမည် ရောက်လာသည်။ မေခနှင့် မလိခ ပေါင်းစပ်ပြီး မွေးထုတ်လိုက်သော ဧရာဝတီမြစ်သည် မြန်မာနိုင်ငံ၏ အသက်သွေးကြောအဖြစ် မြန်မာနိုင်ငံ တစ်နံတစ်လျား စီးဆင်းသွားသည်ဖြစ်၍ 'ဧရာဝတီ'အမည်သည် မြန်မာနိုင်ငံကို ကိုယ်စားပြုသော အမည်ဖြစ်လာသည်။

မြန်မာနိုင်ငံရှိ ဒေသအချို့နှင့် မြစ်အချို့၏ အမည်များမှာ ပါဠိဘာသာ ဝေါဟာရစကားဖြင့်လည်း ရှိနေကြသည်။ အိန္ဒိယနိုင်ငံ၌လည်း ယင်းအမည်နာမမျိုးနှင့် ထပ်တူ အမည်နာမရှိသော ဒေသနှင့် မြစ်များ ရှိနေသည်။ မြန်မာနိုင်ငံ၌ရှိသော ဒေသအချို့နှင့် မြစ်အချို့ကို အမည်မှည့်ကြသော ရှေးရှေးမြန်မာများသည် သူတို့မှည့်ခေါ်သော အမည်နာမများအတွက် ပါဠိ

mgyoe.com

mgyoe.com SAMPLE BOOK


စကားလုံးကို ယူခြင်းဖြစ်သလော သို့မဟုတ် အိန္ဒိယ နိုင်ငံ၌ ရှိပြီးဖြစ်နေသော ဒေသနှင့် မြစ်များ၏ အမည် နာမများကိုပင် ယူပြီး မှည့်ခေါ်ခြင်းဖြစ်သလော။ အမေး ပုစ္ဆာဖြစ်လာသည်။

အိန္ဒိယနိုင်ငံ၌ ရှေးအခါက ဣရာဝတီခေါ်သော မြစ်တစ်စင်းရှိသည်။ ယင်းမြစ်သည် ယခုအခါ ပန်ဂျပ် ပြည်နယ်၌ရှိသော ရာဝီမြစ်ဖြစ်သည်ဟု ဆိုကြသည်။ ဝေါဟာရများသည် ခေတ်အလိုက် ပြောင်းလဲလာကြ သည်။ နေရာဌာန၏ အမည်များလည်း ထို့နည်း အတူပင် တစ်ခေတ်နှင့်တစ်ခေတ် မတူပေ။ ပြောင်းလဲ မှုရှိလာလည်း ယခင်က 'သာဝတ္ထိ'ကို ယခု 'ဆဟက် မဟက်'ဟု ခေါ်သည်။ ယခင်က 'ရာဇာဂဟ'ကို ယခု 'ရာဂျဂီရိ' သို့မဟုတ် 'ရာဇဂြိုဟ်'ဟု ခေါ်သည်။ ယခင်က 'မိဂဒါယ'(မိဂဒါဝုန်)ကို ယခု 'ဆာ့ရနတ်'ဟု ခေါ်သည်။ ယခင်က 'ကေတုမတီ'ကို ယခု 'တောင်ငူ' ဟု ခေါ်သည်။ ယခင်က 'ဟံသာဝတီ'ကို ယခု 'ပဲခူး' (ပဂိုး)ဟု ခေါ်သည်။ အလားတူပင် ယခင်က 'ဣရာ ဝတီမြစ်' အမည်သည်လည်း နောက်ပိုင်းကျသောအခါ 'ရာဝီ' ဖြစ်လာသည်။ ပါဠိဘာသာ၌ 'ဣ'နှင့် 'ဧ' အက္ခရာ အပြောင်းအလဲ လုပ်၍ရသည်။ ထို့ကြောင့် 'ဣရာဝတီ'မြစ်အမည်ကို ယူပြီး 'ဧရာဝတီ'ဟု မှည့်

mgyoe.com

mgyoe.com SAMPLE BOOK



ခေါ်ထားခြင်း ဖြစ်သလော။ သို့မဟုတ် ဧရာဝတီမြစ်၏ အမည်နာမသည် မြန်မာလူမျိုးတို့၏ ဦးနှောက်ထဲကထွက်လာသော ကိုယ်ပိုင်အမည်နာမ ဖြစ်သလော။ စဉ်းစားဆင်ခြင်စရာ အကြောင်းတစ်ရပ် ဖြစ်လာသည်။

နာမည်ကျော် ဟိန္ဒီစာရေးဆရာကြီး ဂျယရှန်ကာ ပရဆပ်သည် သမိုင်းနောက်ခံဝတ္ထု အများအပြား ရေးသည်။ သူ၏ ဝတ္ထုတစ်ပုဒ်တွင်ပါသော အမျိုးသမီးဇာတ်ဆောင်၏ အမည်မှာ 'ဣရာဝတီ' ဖြစ်၍ သူ့ဝတ္ထု၏အမည်ကိုလည်း 'ဣရာဝတီ'ဟု ပေးထားသည်။ ထို့ကြောင့် ဣရာဝတီ သို့မဟုတ် ဧရာဝတီသည် အိန္ဒိယသုံး ရှေးဟောင်းဝေါဟာရများထဲက ဝေါဟာရတစ်ခုဖြစ်နေသည်မှာ ထင်ရှားသိသာလှပေသည်။

**ဖတ်စရာဂျာနယ်၊**
**အမှတ် (၁)၊ ၄၊ ၁၊ ဝ၅။**

mgyoe.com

mgyoe.com SAMPLE BOOK

# ဘာသာတရားနှင့် သိပ္ပံပညာ

ကျွန်ုပ်တို့သည် သိပ္ပံပညာထွန်းကားသော ခေတ်တွင် ကြီးပြင်းလာကြရသည်။ သိပ္ပံပညာထွန်းကားသော ခေတ်၌ ကျွန်ုပ်တို့ဘဝ၏ နယ်ပယ်အသီးသီးသည် သိပ္ပံပညာ၏ သြဇာလွှမ်းမိုးမှု ခံနေကြရသည်။ ၁၇ ရာစုအတွင်း သိပ္ပံပညာနှင့်ပတ်သက်သော တော်လှန်ပြောင်းလဲမှု ဖြစ်ပေါ်လာသောကြောင့် သိပ္ပံပညာသည် ကျွန်ုပ်တို့ ပြုလုပ်ဆောင်ရွက်သော လုပ်ငန်းဟူသမျှတွင် ထူးထူးခြားခြား သြဇာအရှိန်အဝါ လွှမ်းမိုးကြီးစိုးနေသည်။

သိပ္ပံပညာ၏ သြဇာအရှိန်အဝါသည် မိရိုးဖလာဘာသာရေး ယုံကြည်ကိုးကွယ်မှုများအပေါ်တွင်လည်း ထိထိရောက်ရောက် လွှမ်းမိုးကြီးစိုးနေသည်။ အခြေခံဘာသာရေး ယုံကြည်ချက်များစွာတို့သည် ခေတ်သစ်သိပ္ပံပညာ၏ ဖိအားအောက်၌ ကျရောက်နေရသည်

mgyoe.com

mgyoe.com SAMPLE BOOK


ဖြစ်၍ ပညာတတ်များနှင့်လည်းကောင်း၊ အကြားအမြင် ကြွယ်ဝသူများနှင့်လည်းကောင်း ကွာဟသည့် အခြေ အနေသို့ပင် ရောက်ရှိနေကြသည်။ သိပ္ပံနည်းကျ တွေးခေါ်စဉ်းစားခြင်းများကို အခြေခံထားကြသည် ဖြစ်၍ မိရိုးဖလာ တွေးခေါ်စဉ်းစားခြင်းအရလည်း ကောင်း၊ ဘာသာရေး ကျမ်းစာများ၏ အဆိုအမိန့် အခြေခံအရလည်းကောင်း၊ တစ်စုံတစ်ခုသောအရာကို အမှန်တရားဟု လက်ခံဖို့ ခဲယဉ်းသည့် အခြေအနေမျိုး ရောက်ရှိလာသည်။

တချို့ဘာသာတရားများသည် မိမိတို့ မိရိုး ဖလာ တရားသေအစွဲအလမ်းများနှင့် ပဋိပက္ခဖြစ်နေ သော သိပ္ပံနည်းကျ ရှာဖွေတွေ့ရှိချက်များကို အသိ အမှတ်မပြုကြပေ။ ယင်းကဲ့သို့သော ပုံသေကားကျ စွဲလမ်းထားကြသော စိတ်ပိုင်းဆိုင်ရာ အယူအဆများ သည် လူသားများ၏ တိုးတက်ရေး၌ အနှောင့်အယှက်၊ အဟန့်အတား ဖြစ်နေကြသည်။

ခေတ်သစ်၌ ပေါက်ဖွားလာကြသော လူအချို့ သည် မိရိုးဖလာ အစဉ်အလာအရ ယုံကြည်လက်ခံ လာခဲ့သော တစ်စုံတစ်ခုသောအရာကို မျက်ကန်း ယုံကြည်ဖို့ ငြင်းပယ်နေကြသည်။ ဘာသာတရားနှင့် ပတ်သက်ပြီး ယင်းကဲ့သို့သော အယူအဆတစ်ခုကို

mgyoe.com

mgyoe.com SAMPLE BOOK



မှတ်ကျောက်တင်ပြီး အဖြေထွက်မှ လက်ခံသူသည် လူသားတို့၏ တိုးတက်ရေး၌ အထောက်အကူပြုသူများ ဖြစ်လာနိုင်သည်။

တချို့ဘာသာတရားများကမူ သူတို့ယုံကြည်ယူဆသော မိရိုးဖလာ တရားသေဘာသာတရားကို သိပ္ပံနည်းကျ အတွေးအခေါ်သစ်များနှင့် လိုက်လျောညီထွေရှိလာအောင် ကြိုးစားကြသည်။ ယင်းဘာသာတရားတချို့၏ တွေးခေါ်မြော်မြင်ချက်သည် 'ဒါဝင်'၏ တစ်စတစ်စ ပြောင်းလဲခြင်း သီအိုရီနှင့် ပတ်သက်နေသည်။

ဘာသာတရားပေါင်းများစွာတို့သည် လူကို ထာဝရဘုရားသခင်က တိုက်ရိုက်ဖန်တီးသည်ဟု ယူဆလာခဲ့ကြသည်။ 'ဒါဝင်'ကမူ လူသည် မျောက်ကဆင်းသက်လာသည်ဟူသော အယူအဆကို တင်ပြသည်။ ယင်းအယူအဆသည် ဘုရားသခင်က လူကို ဖန်ဆင်းသည်ဟူသော အယူအဆကို ကမောက်ကမ ဖြစ်အောင် ပြုလုပ်လိုက်သည်။

အမြော်အမြင်ကြီးမားသော တွေးခေါ်ပညာရှင်တချို့က 'ဒါဝင်'၏ သီအိုရီကို လက်ခံသည့်အတွက် ဘာသာတရား စူးစမ်းမှုပြုသူများသည် အချိန်ကာလကြာမြင့်စွာကစပြီး ဆန့်ကျင်ဘက်ပြုလာသော 'ဒါဝင်'

mgyoe.com

mgyoe.com SAMPLE BOOK


၏ သီအိုရီကို မိမိတို့ ဘာသာတရားနှင့် လိုက်လျော ကိုက်ညီအောင် အဓိပ္ပာယ်အသစ်ဖွင့်ယူကြသည်။

ခေတ်သစ်သိပ္ပံပညာ ရှာဖွေတွေ့ရှိချက်အရ ပြောရမည်ဆိုလျှင် စကြဝဠာနှင့်ပတ်သက်၍လည်းကောင်း၊ လူ့ဘဝနှင့်ပတ်သက်၍ လည်းကောင်း၊ ဘာသာတရားပေါင်းများစွာ ယုံကြည်ယူဆလာခဲ့သော အတွေးအမြင်ပေါင်းများစွာသည် ရှေးဟောင်းစဉ်လာများသာ ဖြစ်သည်ဟု နားလည်ဖို့ရန် အခက်အခဲရှိမည် မဟုတ်ပေ။ ယင်းရှေးဟောင်းစဉ်လာ အတွေးအခေါ်များသည် အပေါ်စီးက ရရှိလာခဲ့သည်မှာ နှစ်ပရိစ္ဆေဒများစွာ ကြာမြင့်လာခဲ့ပြီ။

ဘာသာတရားများသည် လူသားများ၏ တိုးတက်မှုအတွက် အကြီးအကျယ် ကျေးဇူးပြုသည်ဟု ပြောမည်ဆိုလျှင် မှားမည်မဟုတ်ပေ။ ဘာသာတရားများသည် လူသားများ၏ဘဝကို ဦးဆောင်ရန်အတွက် တန်ဖိုးများနှင့် 'စံ'များကို ချမှတ်လျက် 'မူ'များကို ဖန်တီးနေသည်။ သို့သော် ယင်းသို့ပြုလုပ်ဆောင်ရွက်ခဲ့သော်လည်း ဘာသာတရားတချို့သည် သိပ္ပံပညာထွန်းကားသောခေတ်၌ ထိုက်ထိုက်တန်တန်နေရာရဖို့ ကြိုးစားအားထုတ်နေကြရသည်။

**ဖတ်စရာဂျာနယ်၊ အမှတ် (၁၁)၊ ၁၅၊ ၃၊ ၀၅။**

mgyoe.com

mgyoe.com SAMPLE BOOK

## ဗုဒ္ဓဘာသာနှင့် သိပ္ပံပညာ

ဗုဒ္ဓဘာသာသည် ၂၀ ရာစုနှစ် အစပိုင်းလောက်အထိ ခေတ်သစ်သိပ္ပံပညာနှင့် မထိတွေ့ရသေးသော တိုင်းပြည်နိုင်ငံများအထိသာ ပြန့်ပွားထွန်းကားခဲ့သည်။ သို့သော်လည်း ကနဦးအချိန်ကပင် ဗုဒ္ဓ၏ တရားဒေသနာတော်သည် သိပ္ပံနည်းကျ အတွေးအခေါ်များအတွက် အခါခပ်သိမ်း တံခါးဖွင့်ထားသည်ကို တွေ့ရသည်။

ဗုဒ္ဓ၏ တရားဒေသနာတော်ကို သိပ္ပံပညာရှင်များ အဘယ်ကြောင့် လွယ်လင့်တကူ လက်ခံကြသနည်း။ အကြောင်းတစ်ရပ်မှာ ဗုဒ္ဓသည် တရားသေအယူအဆကို မည်သည့်အခါမျှ အားပေးအားမြှောက်မပြုလုပ်ခဲ့ပေ။ မိမိဟောကြားသော ဒေသနာတော်ကို

mgyoe.com

mgyoe.com SAMPLE BOOK


မျက်ကန်းယုံကြည်ခြင်း၊ တရားသေစွဲလမ်းခြင်းများနှင့် ဘုရားသခင် မုက္ခပါဌ်ထွက် စကားများပေါ်တွင် အခြေမခံဘဲ အလျှော့အတင်းလုပ်ထားပြီးလျှင် အတွေးအခေါ် လွတ်လပ်မှုကို ပေးထားသည်။ ယင်းအချက်သည် ဗုဒ္ဓ၏တရားဒေသနာကို သိပ္ပံပညာရှင်များ လွယ်လင့်တကူလက်ခံခြင်း၏ အကြောင်းတစ်ရပ်ဖြစ်သည်။

ဒုတိယအကြောင်းမှာ ဗုဒ္ဓ၏ သစ္စာတရား၌ သိပ္ပံနည်းကျ သဘာဝကို တွေ့မြင်သိရှိရခြင်းဖြစ်သည်။ သစ္စာတရားကို ရှာဖွေခြင်းနှင့် မှတ်ကျောက်တင်ကြည့်ခြင်း ပြုလုပ်ရာ၌ ဗုဒ္ဓ၏ နည်းနိသျရည်းသည် သိပ္ပံပညာ နည်းနိသျရည်းနှင့် အံ့သြဖွယ်ဆင်တူနေခြင်းဖြစ်သည်။ သိပ္ပံပညာရှင်တစ်ယောက်သည် ပြင်ပ ဗဟိဒ္ဓလောကကို ယထာဘူတကျကျ လေ့လာလျက် အောင်မြင်ထမြောက်သော လက်တွေ့စမ်းသပ်မှုပေါင်းများစွာကို ပြုလုပ်ပြီးသည့်နောက်ကျမှ သိပ္ပံပညာနှင့်ပတ်သက်သော သီအိုရီတစ်ခုကို တည်ဆောက်သည်။

နှစ်ပေါင်း ၂၅ ရာစုအလွန်ကလည်း အလားတူ ချဉ်းကပ်ပုံ ချဉ်းကပ်နည်းများဖြင့် ချဉ်းကပ်ပြီးလျှင် ဗုဒ္ဓသည် အတွင်းအဇ္ဈတ္တလောကကို တပ်မက်ခြင်းကင်းရှင်းစွာဖြင့် လေ့လာသုံးသပ်လျက် တပည့်သာဝက

mgyoe.com

mgyoe.com SAMPLE BOOK


များအား မိမိတို့ကိုယ်တိုင် စူးစမ်းလေ့လာပြီး အမှန်တရားဖြစ်သည်ဟု ဆုံးဖြတ်ချက် မချမချင်း တရားတစ်ခုခုကို လက်မခံကြရန် ညွှန်ကြားပြောပြသည်။

ယခုခေတ် သိပ္ပံပညာရှင်များသည် မိမိတို့၏ စူးစမ်းမှုများကို 'ဂျူပလီဂိတ်' မလုပ်ရဟု ပညတ်မထားပေ။ ထိုနည်းအတိုင်းပင် ဗုဒ္ဓလည်း သစ္စာတရားနှင့်ပတ်သက်သော အတွေ့အကြုံကို မိမိအသိအမြင်အတွင်း၌သာ ဘောင်ခတ်မထားပေ။ ယင်းအချက်ကို ထောက်ထားလျက် သစ္စာတရားနှင့်ပတ်သက်ပြီး ဗုဒ္ဓ၏ ချဉ်းကပ်ပုံ၊ ချဉ်းကပ်နည်းသည် ယခုခေတ် သိပ္ပံပညာရှင်များကဲ့သို့ပင် ခွဲခြမ်းစိတ်ဖြာခြင်းကို အခြေခံထားတော်မူသည်။ (analytical) လက်တွေ့ကျသော၊ သိပ္ပံနည်းကျသော နည်းနိဿရည်းကို ပရမတ္ထသစ္စာ သိရှိရန်နှင့် သမ္မာသမ္ဗုဒ္ဓဖြစ်ရန်အတွက် အသုံးပြုတော်မူသည်။

ယင်းသို့ ဗုဒ္ဓဘာသာသည် သိပ္ပံပညာနှင့် နေရာအတော်များများ၌ နည်းနိဿရည်း ဆင်တူယိုးမှားရှိနေသည့်အတွက် ဗုဒ္ဓဘာသာကို သိပ္ပံပညာနှင့်တူသည်ဟု ပြောလျှင်မူ မှန်ကန်မှုရှိလိမ့်မည် မဟုတ်ပေ။

သိပ္ပံပညာကို လက်တွေ့အသုံးချခြင်းသည်

mgyoe.com

mgyoe.com SAMPLE BOOK


လူသားများအား အဆင်ပြေမှုများစွာဖြင့် နေနိုင်အောင် လုပ်ပေးပြီး ရှေးယခင်က အိပ်မက်ပင် မမက်ခဲ့ဖူးသော အံ့သြဖွယ် အတွေ့အကြုံများကို ပေးသည်မှာ အမှန်ပင် ဖြစ်သည်။ သိပ္ပံပညာသည် လူတို့အား ငါးများထက် ပင် ရေကူးနိုင်အောင် ပြုလုပ်ပေးသည်။ ငှက်များထက် ပင် ကောင်းကင်အမြင့်၌ ပျံနိုင်အောင် ပြုလုပ်ပေး သည်။ လကမ္ဘာပေါ်၌ပင် လမ်းလျှောက်သွားနိုင် အောင် ပြုလုပ်ခဲ့သည်။

သို့သော်လည်း သိပ္ပံနည်းကျ အမှန်တရား သည် အမြဲတစေ ပြောင်းလဲနေသည်။ သိပ္ပံပညာသည် လူကို ကိုယ့်စိတ်ကိုယ် ထိန်းချုပ်မှု မပေးနိုင်ပေ။ အကျင့်သီလနှင့်ပတ်သက်သော ထိန်းချုပ်ကွပ်ကဲမှုကို လည်းကောင်း၊ လမ်းညွှန်မှုကိုလည်းကောင်း ဗုဒ္ဓက ပေးနိုင်သော်လည်း သိပ္ပံပညာက မပေးနိုင်ပေ။ အံ့ချီး စရာများစွာနှင့် ပြည့်စုံမှုရှိနေသော်လည်း သိပ္ပံပညာမှာ ဗုဒ္ဓဘာသာအနေဖြင့် လက်မခံနိုင်သော သတ်မှတ်ချက် များစွာ ရှိနေသည်။

**ဖတ်စရာကျာနယ်၊**
**အမှတ် (၁၂)၊ ၂၂၊ ၃၊ ၀၅။**

mgyoe.com

mgyoe.com SAMPLE BOOK

## ဗုဒ္ဓဘာသာနှင့် အမျိုးသမီး

မိန်းမများနှင့်ပတ်သက်ပြီး လူတန်းစား ခွဲခြားမှုပြုခြင်းသည် လူ့ဘောင်၊ လူ့အဖွဲ့အစည်းတိုင်း၌ တူညီမှုရှိသော ထူးခြားချက်တစ်ခုဖြစ်သည်။ အာဖရိက၌လည်းကောင်း၊ အာရှ၌လည်းကောင်း၊ ဥရောပ၌လည်းကောင်း မိန်းမများနှင့်ပတ်သက်သော ဆန့်ကျင်ဘက်သဘောထားသည် တစ်နိုင်ငံနှင့် တစ်နိုင်ငံ ပိန်မသာ လိမ်မသာဖြစ်သည်။ တစ်ကမ္ဘာလုံး၌ မိန်းမများအား လူရာမသွင်းခြင်း၊ စားမနောက်ပိတ်ခွေးထားခြင်းသည် ဘာသာတရားများပေါ်၌ အခြေခံသည်။ ဘာသာတရားတိုင်းလိုလိုကပင် မိန်းမများကို မျက်စောင်းတခဲခဲနှင့် ကြည့်ကြသည်။

တချို့ဘာသာတရားများ၏ အလိုအရ ယောကျ်ား

mgyoe.com

mgyoe.com SAMPLE BOOK


များကို ဘုရားသခင်၏ သားအဖြစ် အသိအမှတ်ပြု ထားသော်လည်း မိန်းမများကိုမူ မည်သည့်အခါမှ ဘုရားသခင်၏ သမီးအဖြစ် သဘောမထားပေ။ အတ္တဝါဒ ယုံကြည်သူတချို့သည် "အတ္တ သို့မဟုတ် ဝိညာဉ်သည် ယောကျ်ားခွဲ၌သာရှိပြီး မိန်းမများ၌ မရှိ"ဟု ပြောဆိုကြသည်။ "မိန်းမများ၌လည်း အတ္တ သို့မဟုတ် ဝိညာဉ်ရှိနေသည်"ဟု ယုံကြည်သူများသည်ပင် မိန်းမ များသည် အတ္တ သို့မဟုတ် ဝိညာဉ်ရှိသော်လည်း ကွယ်လွန်ပြီးသောအခါ ကောင်းကင်ဘုံ၌ စွဲစွဲမြဲမြဲ နေရာမရဟူ၍ မှတ်ယူထားကြသည်။ ယင်းအယူအဆ များသည် ဘာသာတရား တချို့လက်ခံထားသော အယူအဆဖြစ်သည်။

မိန်းမများသည် ကမ္ဘာလောကကြီးရှိ အပြစ် အနာအဆာဟူသမျှ ဖြစ်ဖျားခံရာ ဖြစ်သည်ဟူ၍ လည်းကောင်း၊ ယခုဘဝနှင့် တမလွန်ဘဝ၌ ယောကျ်ား များ ကြုံတွေ့ကြရသော ဂြိုဟ်ဆိုး၊ ကြမ္မာဆိုးအတွက် လက်သည်တရားခံ ဖြစ်သည်ဟူ၍ လည်းကောင်း၊ တခြားသတ္တဝါများ စွန့်သော အညစ်အကြေးကို ပုစွန် ဆိတ်ခေါင်းပေါ် စုပုံတင်ထားလိုကြသည်။

မိန်းမသည် လွတ်မြောက်ငြိမ်းချမ်းမှု သို့မဟုတ် မောက္ခ သို့မဟုတ် Salvation ရရှိနိုင်သူမဟုတ်

mgyoe.com

mgyoe.com SAMPLE BOOK


ဟူ၍လည်း ယုံကြည်ယူဆထားကြသည်။ လွတ်မြောက် ငြိမ်းချမ်းမှု သို့မဟုတ် မောက္ခ သို့မဟုတ် Salvation မရခင် ယောကျ်ားအဖြစ် မွေးဖွားလာဖို့ လိုသေးသည် ဟူ၍လည်း မိန်းမများနှင့်ပတ်သက်သော တစ်ဖက် အတွေးအခေါ်များ ရှိသည်။

တချို့ဘာသာတရားများက မိန်းမများကို ဘာသာတရားကျမ်းစာများကို မဖတ်ရဟု ပိတ်ပင် တားမြစ်ထားသည်။ ယင်း ပိတ်ပင်တားမြစ်ချက်ကို ကျူးလွန်သော မိန်းမများ၏ လျှာကို ဖြတ်ပစ်သည်။ မိန်းမများအား ပူဇော်ဝတ်ပြုရာ ဘုရားဝတ်ကျောင်း၊ တန်ဆောင်းများအတွင်း ဝင်ခွင့်ကိုလည်း တားမြစ် ပိတ် ပင်ထားသည်။ အကယ်၍ မိန်းမများသည် ဘာသာ ရေးဓလေ့ထုံးစံများကို ကျင့်သုံးလိုက်နာလိုသည်ဆို လျှင် မိမိတို့အိမ်ဂေဟာအတွင်း ကျင်းပ ပြုလုပ်သော မိသားစုနှင့်ပတ်သက်သည့် ဘာသာရေးဆိုင်ရာ ဓလေ့ ထုံးစံများကိုသာ လိုက်နာကျင့်သုံးခွင့် ရှိသည်။

မိန်းမများ၏ အကျင့်သီလပိုင်းဆိုင်ရာနှင့် ပတ်သက်၍လည်းကောင်း၊ ယင်းကဲ့သို့ ဖိနှိပ်ချုပ်ချယ် မှုများ၊ ဘက်လိုက်မှုများ၊ မတရားမှုများသည် ကမ္ဘာ ပေါ်ရှိ အစိတ်အပိုင်း အတော်များများ၌ ပုံစံအမျိုးမျိုး နှင့် တည်ရှိနေတုန်းပင်ရှိသေးသည်။ သို့သော်လည်း

mgyoe.com

mgyoe.com SAMPLE BOOK


တားမြစ်ပိတ်ပင်ချက် အတော်များများကမူ ပျောက်ကွယ်သွားကြပြီ။

ယင်းကဲ့သို့သော မိန်းမများအပေါ်တွင် ထားရှိသော ဖိနှိပ်ချုပ်ချယ်မှုများနှင့် ဘာသာရေးဆိုင်ရာ တားမြစ်ပိတ်ပင်ချက်များသည် ဗုဒ္ဓဘာသာ၌ မရှိပေ။ ဗုဒ္ဓဘာသာစစ်စစ်သည် မိန်းမနှင့် ယောကျ်ား အဆင့်အတန်း ခွဲခြားမထားပေ။

ဗုဒ္ဓသည် မိန်းမများအား ဓမ္မနယ်၌ တူညီသော ခွဲခြားခြင်းမရှိသော အခွင့်အရေးကို ဦးစွာပထမ ပေးတော်မူသော ဘာသာရေးနယ်ပယ်ထဲက ဆရာတစ်ဆူ ဖြစ်တော်မူသည်။ အခါများစွာ၌ မိန်းမများ၏ စွမ်းရည်သတ္တိနှင့်လည်းကောင်း၊ စွမ်းဆောင်ချက်များနှင့်လည်းကောင်း ပတ်သက်၍ အမြဲတစေ ချီးကျူးထောမနာပြုတော်မူသည်။ မိန်းမများအား ဘာသာရေးနယ်ပယ်အတွင်း၌ ယောကျ်ားများနှင့် တန်းတူညီတူ အပြည့်အဝနေနိုင်သွားရေးအတွက် နည်းလမ်းများကိုလည်း ညွှန်ကြားတော်မူသည်။ မိန်းမများအားလည်း ယောကျ်ားများနှင့် တန်းတူရည်တူ မိမိတို့၏ စိတ်နှလုံးကို သန့်စင်အောင် ပြုလုပ်ပြီးလျှင် သန္တိသုခ နိဗ္ဗာန်ချမ်းသာ ရရှိနိုင်ရေးအတွက် နည်းလမ်းများကို ညွှန်ကြားတော်မူသည်။ ဗုဒ္ဓခေတ်အခါက ထေရီများ

mgyoe.com

mgyoe.com SAMPLE BOOK



၏ ဥဒါန်းစကားများသည် ယင်းအချက်၏ ထင်ရှားသော သက်သေသာဓကများ ဖြစ်သည်။

ဗုဒ္ဓသည် ဘိက္ခုနီသံဃာတည်ထောင်ပေးခြင်းအားဖြင့် မိန်းမများအတွက် အစဉ်အလာက ပိတ်ထားသော ဘာသာရေး နယ်ပယ်ဝင်းတံခါးကြီးကို ဖွင့်ပေးတော်မူသည်။ ယင်းကဲ့သို့ သာသနာတော်အတွင်း ဘိက္ခုနီအဖြစ် တစ်ခန်းတစ်ကဏ္ဍ ပါဝင်နိုင်ခြင်းကို ခွင့်ပြုခြင်းအားဖြင့် ဗုဒ္ဓသည် မိန်းမများအား ပြည်သူများနှင့် တိုက်ရိုက်ဆက်ဆံရသော လောကီ၊ လောကုတ္တရာ အကျိုးပြုလုပ်ငန်း လမ်းစကို ဖော်ပေးတော်မူသည်။ ကမ္ဘာပေါ်၌ မိန်းမများအား ယောကျ်ားများနှင့် တန်းတူရည်တူ အမတပန်းတိုင်အရောက် ခေါ်လှမ်းစေသူမှာ ဗုဒ္ဓမြတ်စွာဘုရားဖြစ်သည်။

ဖတ်စရာရျာနယ်၊
အမှတ် (၁၃)၊ ၂၉၊ ၃၊ ၀၅။

mgyoe.com

mgyoe.com SAMPLE BOOK

## ဗုဒ္ဓခေတ်အမျိုးသမီး

ဗုဒ္ဓခေတ်မတိုင်မီက မိန်းမများနှင့် ပတ်သက်သော လူမှုရေးသဘောထားကို 'ရိဂဝေဒ'လို ရှေးကျသော 'ဝေဒ' စာပေများ၌ ခြေရာကောက်၍ ရရှိနိုင်သည်။ မိမိတို့၏ အိမ်ထောင်မိသားစု၌ မိန်းမများရရှိသော ဂုဏ်သိက္ခာကို ဖော်ပြသော အထောက်အထားများစွာ တွေ့ရသည်။ ဘာသာရေးနယ်ပယ်၌ မိန်းမများသည် ဣဿရ သို့မဟုတ် ဗြဟ္မာနှင့် ပတ်သက်သော အမြင့်ဆုံးအသိပညာကို သိရှိနားလည်ပိုင်ခွင့် ရှိကြသည်။ သို့ရာတွင် ယင်းကဲ့သို့သော မိန်းမများအပေါ်ထားရှိသော ကိုယ်ချင်းစာနာ ငဲ့ညှာထောက်ထားသော အပြုအမူများသည် အချိန်ကြာမြင့်လာသောအခါ ဗြာဟ္မဏမျိုးနွယ်များ၏ ဝါဒသဘောတရားများ၊

mgyoe.com

mgyoe.com SAMPLE BOOK


ယဇ်ပူဇော်မှုများနှင့် တခြား ဓလေ့ထုံးစံများအရ ပြောင်းလဲလာသည်ကို တွေ့ရသည်။ ကျမ်းစာများ၌ မိန့်ဆိုထားချက်ကိုလည်း အဓိပ္ပာယ်သစ်ဖွင့်ဆိုကြသည်။ မိန်းမများသည် ကာယကံအရလည်းကောင်း၊ မနောကံအရလည်းကောင်း ယောကျ်ားထက် အဆင့်နိမ့်သည်ဟူ၍ ယုံကြည်ယူဆလာခဲ့ကြသည်။

မိန်းမများကို ယောကျ်ားပိုင်ဆိုင်သော အပိုင်ပစ္စည်း သို့မဟုတ် အရာဝတ္ထုတစ်ခုအဖြစ်လောက်သာ မှတ်ထင်ယူဆလာကြသည်။ မိန်းမ၏ နေရာသည် သူ့ယောကျ်ား၏ အုပ်ချုပ်မှု၊ ကြိုးကိုင်မှုအောက်၌သာ မလှုပ်သာမလွန့်သာ ရှိနေသည်။ မိန်းမများသည် အိမ်မှုကိစ္စ၊ ဝေယျာဝစ္စမှန်သမျှကို မလုပ်ကိုင်၊ မဆောင်ရွက်ရရုံမျှသာမကဘဲ မိသားစုတစ်ခုလုံးကိုလည်း မပြုစုရပေ။ ဗြာဟ္မဏနွယ်ဖွားတချို့သည် လက်ထပ်ထိမ်းမြားပြီး သူတို့၏ ဇနီးမယားနှင့် ပေါင်းသင်းဆက်ဆံနေသော်လည်း မယားလုပ်သူများ ချက်ကျွေးသောထမင်း၊ ဟင်းကို သန့်ပြန့်စင်ကြယ်ခြင်း မရှိ၍ စားသင့်စားထိုက်သည်ဟူ၍ မယူဆကြပေ။ မိန်းမအားလုံးကို မကောင်းမှု အကုသိုလ်တရား အပြည့်ရှိနေသူများဟူ၍ ထင်မှတ်ယူဆထားကြသည်။ အကုသိုလ်တုံး မိန်းမများအား သူတို့၏ မကောင်းဆိုးဝါး အခြေ

mgyoe.com

mgyoe.com SAMPLE BOOK


အနေဆိုးက လွတ်မြောက်စေရန် တစ်ခုတည်းသော နည်းလမ်းမှာ မိခင်တစ်ယောက်လုပ်ရမည့် အလုပ်များနှင့် အိမ်မှုကိစ္စအဝဝကို အကန့်အသတ်မရှိ ကျွန်ခံပြီး လုပ်ကိုင်စေရန် ဖြစ်သည်။

အကယ်၍ အိမ်ထောင်ကျပြီးသော မိန်းမတစ်ယောက်သည် သားသမီးမမွေးဖွားလျှင် သို့မဟုတ် မျိုးရိုးဆက်ခံမည့် သားယောက်ျား မမွေးဖွားလျှင် လင်ယောက်ျားဖြစ်သူသည် ဒုတိယမယား သို့မဟုတ် တတိယမယားကို ယူနိုင်ခွင့်ရှိပြီး မယားကြီးကို အိမ်က နှင်ထုတ်ပစ်နိုင်ခွင့်ပင် ရှိသည်။ ယင်းအခြေအနေမျိုး ရောက်ရှိလာရခြင်းမှာ မိသားစုမျိုးဆက်ကို ဆက်ပေးသူမှာ သားယောက်ျားလေးဖြစ်ပြီး မိဘ၊ ဘိုးဘွားများ၏ ဈာပနကိစ္စများ၌ သားယောက်ျားကသာ ဘဝတစ်ပါးပြောင်းသွားသော ဖခင်ဖြစ်သူနှင့် အဘိုးဖြစ်သူ ငြိမ်းချမ်းမှုနှင့် လုံခြုံမှု ရရှိစေရန်အတွက် မဖြစ်မနေ လုပ်ရမည်ဖြစ်သော ယင်းဓလေ့ထုံးစံကို ဆောင်ရွက်ရမည်ဟူသော အစဉ်အလာ ယုံကြည်ယူဆချက် ရှိလာခဲ့သည့်အတွက်ကြောင့် ဖြစ်သည်။

ယင်းကဲ့သို့ မပြုလုပ်နိုင်ပါက ကွယ်လွန်သွားသူများသည် နာနာဘာဝအဖြစ် မိသားစုအား အနှောင့်အယှက်ပေးနိုင်သည်ဟု ယူဆကြသည်။ ထို့ကြောင့်

mgyoe.com

mgyoe.com SAMPLE BOOK


လက်ထပ်ထိမ်းမြားပြီးသူ မိန်းမများ၏ဘဝသည် မသေချာ၊ မရေရာသော အခြေအနေမျိုးသို့ ရောက်ရှိနေသည်။ လက်ထပ်ထိမ်းမြားခြင်း မပြုရသေးသော မိန်းမများအတွက် မသေချာ၊ မရေရာမှုမှာ ပို၍ပင် အားကောင်းနေသေးသည်။ လက်ထပ်ထိမ်းမြားခြင်းသည် မင်္ဂလာတစ်ပါးအဖြစ် ထင်မှတ်ယူဆသောကြောင့် လက်ထပ်ထိမ်းမြားခြင်း မပြုရသေးသော မိန်းမပျိုတစ်ယောက် ရှိနေပြီဆိုလျှင် ယင်းမိန်းမပျိုကို ဝေဖန် ရှုတ်ချကြသည့်အပြင် လူ့အဖွဲ့အစည်းက ပယ်ထုတ်ပစ်သည့် အခြေအနေမျိုးသို့ပင် ရောက်သွားနိုင်သည်။

ဘာသာရေးနယ်ပယ်၌မူ တစ်ချိန်က သူတို့ရရှိခဲ့သော အခြေအနေကိုပင် လက်လွှတ်ဆုံးရှုံးသွားကြရသည်။ မိန်းမတစ်ယောက်သည် သူပြုလုပ်သော ကုသိုလ်ကောင်းမှုများကြောင့် နတ်ပြည်၊ နတ်လောကသို့ သွားရောက်နိုင်သည်ဟူ၍ မယူဆကြပေ။ မိန်းမတစ်ယောက်သည် သူကိုယ်တိုင် ပူဇော်ဝတ်ပြုမှုအလုပ်ကို မပြုလုပ်နိုင်ပေ။ သူ၏ယောကျ်ားသည် ဆိုးသွမ်းနေသော လင်ယောကျ်ားတစ်ယောက်ဖြစ်နေစေကာမူ သူ့လင်ယောကျ်ား၏ ညွှန်ကြားချက်ကို မြေဝယ်မကျလိုက်နာမှသာလျှင် နတ်ဘုံနတ်လောကသို့ ရောက်ရှိ

mgyoe.com

mgyoe.com SAMPLE BOOK

နိုင်သည်ဟူ၍ ယူဆကြသည်။ လင်ယောက်ျား၏ စားကြွင်းစားကျန်များသည် မိန်းမအတွက် စားရမည့် ထမင်းဟင်း ဖြစ်နေသည်။

ယင်းကဲ့သို့ တစ်ဖက်စွန်းရောက် လူမှုရေး ဓလေ့ ထုံးစံဆိုးကြီးအောက်၌ ပြားပြားဝပ်နေရသော မိန်းမ များ မရှုမလှဖြစ်နေချိန်၌ မဇ္ဈိမဒေသ၊ အိန္ဒိယနိုင်ငံတွင် ဗုဒ္ဓရှင်တော်မြတ်ဘုရား ပွင့်တော်မူလာခြင်း ဖြစ်သည်။ ထိုအချိန်၌ ဇာတိနှင့် မရဏာ၏ သဘာဝအစစ်အမှန် နှင့် ပတ်သက်၍လည်းကောင်း၊ ကံတရားနှင့် ပတ်သက် ၍လည်းကောင်း ဗုဒ္ဓရှင်တော်မြတ်ဘုရား ဟောကြား သော တရားတော်များသည် မိန်းမများနှင့် ပတ်သက် သော လူမှုရေးအပြုအမူများကို အမြစ်က လှန်ပစ်ခဲ့ သည်။

ဗုဒ္ဓမြတ်စွာ ဟောကြားသော ကမ္မနိယာမတရား အရ ပုဂ္ဂိုလ်တစ်ဦးတစ်ယောက်သည် သူပြုလုပ်သော အပြုအမူနှင့်လည်းကောင်း၊ ယင်းအပြုအမူကြောင့် ဖြစ်ပေါ်လာသော အကျိုးဆက်နှင့် ပတ်သက်၍ လည်းကောင်း တာဝန်ရှိသူဖြစ်သည်။ ဖခင် သို့မဟုတ် အဘိုးဖြစ်သူ၏ ကောင်းကျိုးချမ်းသာသည် သား ဖြစ်သူ သို့မဟုတ် မြေးဖြစ်သူ၏ အပြုအမူပေါ်တွင် တည်ရှိမနေပေ။ မိမိတို့ပြုလုပ်သော အပြုအမူများ
mgyoe.com

mgyoe.com SAMPLE BOOK


အတွက် မိမိတို့သာလျှင် တာဝန်ရှိသည်။ ယင်းကဲ့သို့သော အမှန်တရားများသည် များစွာသော ပြည်သူပြည်သားတို့၏ စောင်းနေသောအမြင်ကို တည့်မတ်စေရေးအတွက် အကူအညီပေးပြီးလျှင် မိဘဘိုးဘွားများ၏ ဈာပနကိစ္စကို ထုံးတမ်းအစဉ်အလာအရ ဦးဆောင် ပြုလုပ်ပေးမည့် သားများကို မွေးဖွားမပေးနိုင်သော မိန်းမများ၏ ကြောင့်ကြပူပန်စိတ်ကို လျော့နည်းသွားစေခဲ့သည်။

ဗုဒ္ဓခေတ်၌ အိမ်ထောင်ရက်သား မကျသေးသော မိန်းမပျိုများသည် ဝေဖန်ခြင်းမခံရဘဲ၊ ရှုတ်ချခြင်းမခံရဘဲ မိဘမောင်ဖွားများအတွက် တာဝန်သိသိ စိတ်အေးလက်အေး ပြုစုနိုင်ခွင့် ရရှိကြသည်။ ဗုဒ္ဓခေတ်က ပေါ်ခဲ့သော ရွှေပန်းထိမ်သည်၏ သမီး 'သုဘာ' ကဲ့သို့ ရွှေငွေရတနာပစ္စည်းများ၊ ကျေးကျွန်များ၊ လယ်ယာများပိုင်ရှင်ပင် ဖြစ်လာနိုင်သည်။ သို့သော်လည်း 'မဟာပဇာပတိ'ထံမှ တရားနာကြားရသောကြောင့် 'သုဘာ'သည် ဥစ္စာပစ္စည်းများ၏ တည်မြဲခြင်းမရှိသော သဘောသဘာဝကိုလည်းကောင်း၊ ရွှေငွေရတနာများသည် ငြိမ်းချမ်းမှုနှင့် တရားသိမြင်မှုအတွက် အကျိုးပြုနိုင်သော အရာဝတ္ထုများ မဟုတ်ဟူ၍လည်းကောင်း သိမြင် သဘောပေါက်သွားပြီး

mgyoe.com

mgyoe.com
SAMPLE BOOK


လျှင် ဗုဒ္ဓမြတ်စွာဘုရား၏ သာသနာတော်အတွင်းက ဘိက္ခုနီတစ်ပါး ဖြစ်သွားသည်။ ယင်းအဖြစ်အပျက်က "အိမ်ထောင်မပြုရသေးသော မိန်းမတစ်ယောက်သည် လည်း ကြီးကျယ်သော အဆင့်တစ်ဆင့် ရောက်သွား နိုင်သည်"ဟူသော လုံလောက်သည့် အထောက်အထား သာဓကတစ်ခု ဖြစ်သည်။

ဗုဒ္ဓ၏ တရားဒေသနာတော်များသည် သဘာဝ မကျသည့် ယုံကြည်ယူဆချက်များစွာကိုလည်းကောင်း၊ တိရစ္ဆာန်များ၏ အသား၊ အသွေးနှင့် ပူဇော်ပသသော ယဇ်ပူဇော်မှုအပါအဝင် ဓလေ့ထုံးစံများကိုလည်းကောင်း ပြည်သူပြည်သားများ၏ စိတ်နှလုံးထဲက ဖယ်ထုတ် ပစ်သည့် ကြီးစွာသော အလုပ်များကို ဆောင်ရွက် ပေးသည်။

ဓာတ်နှင့် မရဏ၏ မှန်ကန်သော သဘာဝကို လည်းကောင်း၊ စကြဝဠာကို လွှမ်းမိုးနေသော သဘာဝ လောကကိုလည်းကောင်း၊ ပြည်သူအများ အမှန် အတိုင်း သိရှိနားလည်သွားသောအခါ ပြည်သူများ၏ အတွင်းသန္တာန်ထဲတွင် ဝေဖန်ပိုင်းခြားတတ်သော အသိပညာပေါ်လာသည်။ ယင်းအသိပညာသည် ဗုဒ္ဓခေတ်အခါက မိန်းမများ မတရားခံနေရသော လူမှုရေး မတရားမှုများ၊ ဘက်လိုက်မှုများ၊ တစ်ဖက်

mgyoe.com

mgyoe.com SAMPLE BOOK


စောင်းနင်း ပြုလုပ်မှုများကို တည့်မတ်အောင်လုပ်ပြီး လျှင် မိန်းမများအား သူတို့၏ ဘဝနေနည်း မှန်ကန် သွားအောင် ပြုလုပ်ဆောင်ရွက်ပေးသည်။

ဖတ်စရာဂျာနယ်၊
အမှတ် (၁၄)၊ ၅၊ ၄၊ ၀၅။

mgyoe.com

mgyoe.com SAMPLE BOOK

# သမိုင်းတစ်လျှောက် ပွဲတင်ထပ်နေတဲ့စကား

ဗုဒ္ဓ၏ သမ္မာသမ္ဗောဓိ အသိဉာဏ်သည် အာရုံခံ ဣန္ဒြေများကတစ်ဆင့် သိရှိရသော အချက်အလက်များအထိသာ ဘောင်ခတ်မထားဘဲ သမ္မုတိသစ္စာ၏ နယ်ပယ်အပြင်ဘက် ကျော်လွန်ထွက်သွားသည်။ ပုထုဇဉ်တို့၏ အသိဉာဏ်ကမူ မိမိတို့ရရှိသော အကြားအမြင်များ၏ အခြေခံအရသာ ဘာသာတရားနှင့် ပတ်သက်သော နယ်ပယ်၌ဖြစ်စေ၊ ဒဿနနယ်ပယ်၌ ဖြစ်စေ၊ သိပ္ပံပညာနယ်ပယ်၌ဖြစ်စေ၊ အနုပညာ နယ်ပယ်၌ဖြစ်စေ စွမ်းဆောင်နိုင်မှု ရှိသည်။

စိတ်အတွက်ရရှိသော သတင်းစကားသည် ကျွန်ုပ်တို့၏ အာရုံခံဣန္ဒြေများကတစ်ဆင့် သိရှိရသော သတင်းစကားများသာ ဖြစ်သည်။ ယင်းသတင်း

mgyoe.com

mgyoe.com SAMPLE BOOK



စကားများသည် မည်သည့်နည်းနှင့်မဆို အဆင့်နိမ့်သတင်းစကားများ ဖြစ်သည်။ ဘောင်ကျဉ်းကျဉ်းကလေးခတ်ထားသော သတင်းစကားသည် ကမ္ဘာလောကနှင့် ပတ်သက်သော ကျွန်ုပ်တို့၏ နားလည်မှုကို အပိုင်းပိုင်း အပြတ်ပြတ်ဖြစ်အောင် ပြုလုပ်ထားသည်။

လူတချို့သည် မိမိတို့များစွာ သိရှိနားလည်သည်ဟူ၍ မာန်မာနတက်နေကြသည်။ အမှန်က မိမိတို့သိသော ပမာဏနည်းလေလေ၊ မိမိတို့၏ ရှင်းလင်းပြောဆိုချက် တိကျလေလေဖြစ်သည်။ ကျွန်ုပ်တို့သိလေလေ ကျွန်ုပ်တို့၏ နယ်နိမိတ်ကို နားလည်လေလေ ဖြစ်သည်။

တစ်ခါတုန်း၌ ပညာရှင်တစ်ယောက်သည် သူ့အနေဖြင့် နောက်ဆုံးပိတ်လက်ရာအဖြစ် အသိအမှတ်ထားသော စာအုပ်တစ်အုပ်ရေးသည်။ သူရေးသားပြုစုသော စာအုပ်ထဲတွင် စာပေရတနာများနှင့် ဒဿနပညာရှင်များ အပြည့်ရှိနေသည်ဟုလည်း ယင်းပညာရှင်က ထင်မှတ်နေသည်။ မိမိ၏ အောင်မြင်မှုအတွက် နားထင့်သွေးရောက်နေသော ထိုပညာရှင်သည် သူနှင့် တန်းတူရည်တူ ပညာရှင်တစ်ယောက်အား သူ၏စာအုပ်ကို ဝေဖန်ပါဟူသော တောင်းပန်

mgyoe.com

mgyoe.com SAMPLE BOOK


စကားဖြင့် သူ၏စာအုပ်ကို ပြသည်။

သူ၏မိတ်ဆွေ ပညာရှင်က ကျမ်းပြုဆရာအား စာရွက်တစ်ရွက်ပေါ်တွင် ကျမ်းပြုဆရာ နားလည်သမျှ နှင့် ကျမ်းပြုဆရာ နားမလည်သမျှ အားလုံးရေးပြပါဟု ပြောပြသည်။

ကျမ်းပြုဆရာသည် ထိုင်ပြီး စဉ်းစားခန်း ထုတ်သည်။ သို့သော် အချိန်အတန်ကြာသွားသော် လည်း သူသိသည်ကို စာရွက်တွင် ရေးပြ၍မရဘဲ ဖြစ်နေသည်။

ထို့နောက် ဒုတိယမေးခွန်းဆီ အာရုံရောက် သွားသည်။ သို့သော်လည်း သူမသိသောအရာကို ရေးပြဖို့ ကြိုးစားသော်လည်း မရေးနိုင်ဘဲ ဖြစ်သွား ပြန်သည်။ နောက်ဆုံးတွင် သူ၏မာန်မာန လျှော့ကျ သွားပြီးလျှင် ကျမ်းပြုဆရာသည် လက်လျှော့လျက် သူသိသမျှအားလုံးသည် အမှန်တကယ်က သူမသိ ခြင်းဖြစ်သည်ဟူ၍ သဘောပေါက်သွားသည်။

ထို့ကြောင့် ရှေးဟောင်းကမ္ဘာ၌ နာမည် ကျော်ကြားသော အေသင်မြို့သား ဒဿနပညာရှင် ဆိုကရေးတီးသည် သူ့ကို "ဆရာကြီး ဘာသိသနည်း" ဟု မေးသောအခါ "ကျွန်ုပ် တစ်ခုတည်းသော အရာ ကိုသာသိသည်။ အဲဒီတစ်ခုတည်းသော အရာက

mgyoe.com

mgyoe.com SAMPLE BOOK


ကျွန်ုပ်မသိခြင်း ဖြစ်သည်”ဟု ပြန်ဖြေသည်။ ယင်း ဒဿနပညာရှင်ကြီး၏ စကားသည် ဒဿနသမိုင်း၊ စာပေသမိုင်း၊ ပညာသမိုင်း၌ ပွဲတင်ထပ်နေတုန်း ဖြစ်သည်။

**ဖတ်စရာဂျာနယ်၊**
**အမှတ် (၁၅)၊ ၂၆၊ ၄၊ ၀၅။**

mgyoe.com

mgyoe.com SAMPLE BOOK

## တာဝန်ကိုယ်စီ

ဗုဒ္ဓသည် မိန်းမများ၏ အဆင့်နှင့် အခြေအနေကို မြှင့်တင်ခဲ့သော်လည်း မိန်းမများနှင့်ပတ်သက်၍မူ လက်တွေ့ကျကျ သုံးသပ်တော်မူသည်။ ယောက်ျားနှင့် မိန်းမ၏ လူမှုရေးဆိုင်ရာ၊ စိတ်ပိုင်းဆိုင်ရာ ခြားနား ချက်များနှင့် ပတ်သက်၍ အခွင့်ကြုံတိုင်း ညွှန်ကြား ပြောပြထားတော်မူသည်။ ယင်းညွှန်ကြားချက်များ သည် အင်္ဂုတ္တရနိကာယ်နှင့် သံယုတ္တနိကာယ်ကျမ်း၌ ပါရှိသည်။

အင်္ဂုတ္တရနိကာယ်နှင့် သံယုတ္တနိကာယ်၌ မိန့်ဆို ထားချက်အရ ယောက်ျားများ လိုက်နာကျင့်သုံးရမည့် တာဝန်ဝတ္တရားမှာ အသိပညာ ရှာမှီးခြင်း၊ တတ်မြောက် ထားသော အသိပညာနှင့် အတတ်ပညာကို တိုးတက်

mgyoe.com

mgyoe.com SAMPLE BOOK



လာအောင် ကြိုးပမ်းအားထုတ်ခြင်း၊ မိမိ မိသားစု ရပ်တည်ရေးအတွက် စီးပွားရှာခြင်းဖြစ်သည်။ မိန်းမ၏ဝတ္တရားမှာ အိမ်ရှင်မတစ်ဦးအနေနှင့် မိမိအိမ်ထောင်နှင့် မိမိလင်ယောကျ်ားကို ပြုစုရခြင်းဖြစ်သည်။

အင်္ဂုတ္တရနိကာယ်၌ အိမ်ထောင်မကျမီ မိန်းကလေးများအတွက် လိုက်နာကျင့်သုံးရမည့် ကျင့်ဝတ်ကို ညွှန်ကြားပြောပြထားသည်။ ယောက္ခမအိမ်ရောက်သွားသော မိန်းကလေးများသည် ပတ်ဝန်းကျင်အသစ်၌နေရပြီး နေသားမကျသေးသည့်အတွက် အစပထမ၌ အဆင်မပြေ ဖြစ်ချင်ဖြစ်နေနိုင်သည်။ သို့သော်လည်း ယောက္ခမ အိမ်သွားနေရသော မိန်းကလေးများသည် မိမိတို့၏ မိဘအရင်းများကို ဂါရဝပြုသကဲ့သို့ပင် ယောက္ခမယောကျ်ားသူနှင့် ယောက္ခမမိန်းမသူတို့ကိုလည်း ဂါရဝထားပြီး ဆက်ဆံဖို့ မမေ့သင့်ပေ။ မိမိ၏ မိဘများကို ပြုစုသကဲ့သို့ပင် ယောက္ခမများကိုလည်း ပြုစုရမည်။ လင်ယောကျ်ား၏ ဆွေမျိုးများနှင့် မိတ်သင်္ဂဟများအားလည်း လေးစားသမှုပြုပြီးလျှင် မိမိရောက်ရှိသွားသော အိမ်သစ်၏ဝန်းကျင်ကို ရွှင်လန်းချမ်းမြေ့မှု အပြည့်ရှိနေအောင် ပြုလုပ်ဖန်တီးရလိမ့်မည်။ မိမိလင်ယောကျ်ား၏ စိတ်နေသဘောထားကို သိရှိနားလည်အောင်လုပ်ပြီးလျှင် အချိန်မရွေး မိမိ

mgyoe.com

mgyoe.com
SAMPLE BOOK


ရောက်ရှိသွားသော အိမ်သစ်၏ မည်သည့်အိမ်မှုကိစ္စမဆို အကူအညီပေးဖို့ အသင့်ရှိနေရမည်။

အိမ်၌ရှိသော အခိုင်းအစေများနှင့် ဆက်ဆံရာ၌လည်း စိတ်သဘောထား ပျော့ပျောင်းနူးညံ့ရမည်။ ကိုယ်ချင်းစာနာ ငဲ့ညှာမှုရှိရမည်။ မိမိလင်ယောကျ်ားရှာဖွေထားသော ငွေကြေးဓနဖြင့် အိမ်မှုကိစ္စ လည်ပတ်နေအောင် လုပ်ရမည်။ မိန်းကလေးများနှင့်ပတ်သက်သော ဗုဒ္ဓ၏ ယင်းညွှန်ကြားချက်များသည် နှစ်ပေါင်း ၂၅၀၀ ကျော် ရှိလာခဲ့ပြီဖြစ်သော်လည်း ယနေ့ထက်တိုင် လူမှု လူ့အဖွဲ့အစည်းအတွက် အသုံးဝင်တုန်းပင် ဖြစ်နေသည်။

ဖတ်စရာဂျာနယ်၊
အမှတ် (၁၆)၊ ၃၊ ၅၊ ၀၅။

mgyoe.com

mgyoe.com SAMPLE BOOK

## မိန်းမသည် ယောက်ျားထက် သာ၏

မိန်းမများ၏ဘဝ၌ ကြုံတွေ့ရတတ်သော အခက်အခဲများနှင့် ပတ်သက်၍လည်း ဗုဒ္ဓဟောပြောချက်များ ရှိသည်။ လက်ထပ်မင်္ဂလာပြုပြီးနောက် မိဘအိမ်မှ ထွက်ခွာပြီး လင်ယောက်ျားအိမ် ရောက်သွားသော အခါ ပတ်ဝန်းကျင်အသစ်ထဲ ရောက်သွားသည်ဖြစ်၍ မိန်းကလေးတစ်ယောက်အနေဖြင့် အခက်အခဲတချို့နှင့် ပြဿနာတချို့ ရင်ဆိုင်ရတတ်သည်။ ယင်းအခက်အခဲ များနှင့် ပြဿနာများသည် မိန်းကလေးတစ်ယောက် အတွက် စမ်းသပ်ချက် သို့မဟုတ် ဘဝစာမေးပွဲဟု ပြော၍ ရပါသည်။ ယင်းစာမေးပွဲကို အောင်မြင်စွာ ဖြေဆိုနိုင်လျှင် ဘဝသစ်တွင် အိမ်ထောင်ရှင်မရာထူး လက်လွတ်သွားတော့မည် မဟုတ်ပေ။

mgyoe.com

mgyoe.com SAMPLE BOOK



ယင်းအခက်အခဲများအပြင် မိန်းကလေးတစ်ဦး တစ်ယောက်အတွက် ကြုံတွေ့ရမည့် အခက်အခဲများ၊ ပြဿနာများလည်း ရှိသေးသည်။ ကိုယ်ဝန်ရှိသော အခါ၌လည်းကောင်း၊ မီးဖွားသောအခါ၌လည်းကောင်း ကြုံတွေ့ရသော ဆင်းရဲဒုက္ခများဖြစ်သည်။ ယင်းဒုက္ခ များမှာ မိန်းကလေးများသာ ကွက်ပြီး တွေ့ကြုံရသော ဒုက္ခများဖြစ်၍ 'အာဝေဏိက ဒုက္ခ'ဟု ခေါ်သည်။

ယင်းကဲ့သို့ မိန်းကလေးများ၏ အားနည်း ချက်များ၊ ပျော့ကွက်များကို ပြောပြထားသော်လည်း အင်္ဂုတ္တရနိကာယ်၌ တချို့ကိစ္စများနှင့် ပတ်သက်ပြီး မိန်းကလေးများသည် ယောက်ျားလေးများထက်ပင် ရှေ့တန်းရောက်နေသည်ဟူ၍ ဖွင့်ဆိုရေးပြထားသည်။ တစ်မဂ်တစ်ဖိုလ်ရသွားသော မိန်းမများ၏အကြောင်း ရေးသားဖော်ပြထားသော ပိဋကတ်သုံးပုံထဲကကျမ်းစာ မှာ 'ထေရီဂါထာ'ဖြစ်သည်။

မိန်းကလေးများကို ယောက်ျားများနှင့် တန်းတူ ရည်တူထားရမည်ဟု ဗုဒ္ဓသည် ပသေနဒီ ကောသလ မင်းကြီး သမီးမိန်းကလေး မွေးဖွားလာသည့်အတွက် စိတ်မကောင်းဖြစ်နေချိန်၌ ထုတ်ဖော်ပြောပြဖူးသည်။ ပသေနဒီ ကောသလမင်းကြီးသည် သားယောက်ျား ကလေး မွေးလာလိမ့်မည်ဟု ခဲထားသော်လည်း သမီး

mgyoe.com

mgyoe.com SAMPLE BOOK


မိန်းကလေး မွေးလာသည့်အတွက် ပက်လက်လန်သွားသည်။ ဗုဒ္ဓသည် သမီးမိန်းကလေး မွေးလာသည့်အတွက် စိတ်ပျက်သွားသော ပသေနဒီကောသလမင်းကြီးကို မည်သို့မည်ပုံ အားပေးထားသနည်း။ ကြည့်ပါ။

"တချို့မိန်းမများသည် ယောကျ်ားများထက်သာ၏။ ပညာဉာဏ်နှင့် ပြည့်စုံသော အကျင့်သီလရှိသော မိန်းမများ များစွာရှိ၏"

**ဖတ်စရာဂျာနယ်၊**
**အမှတ် (၁၇)၊ ၁၀၊ ၅၊ ၀၅။**

mgyoe.com

mgyoe.com SAMPLE BOOK

## လူသားအတွက် သိပ္ပံပညာ ဘာလုပ်ခဲ့သလဲ

သိပ္ပံပညာနှင့် သိပ္ပံပညာက စွမ်းဆောင်နိုင်သည်များကို အတော်များများ ကြားနေကြရပြီ။ သိပ္ပံပညာက စွမ်းဆောင်နိုင်ခြင်း မရှိသည်များကိုလည်း အသင့်အတန် ကြားနေကြရသည်။ သိပ္ပံပညာသည် စက္ခုသောတ စသော အာရုံခံ ဣန္ဒြေများမှတစ်ဆင့် သိရသော အချက်အလက်များနှင့် ပတ်သက်ပြီး တစ်စုံတစ်ခုသော ဘောင်အတွင်းကသာ သိသည်။ အာရုံခံဣန္ဒြေများဖြင့် သိရသော အချက်အလက်များကိုသာ သိပ္ပံပညာက လက်ခံသည်။ အာရုံခံဣန္ဒြေများဖြင့် သိရခြင်းမဟုတ်ဘဲ ယင်းနည်းလမ်းမျိုးထက် ကျော်လွန်သွားသော၊ တခြားနည်းလမ်းမျိုးဖြင့် သိရသော အချက်အလက်များကို သိပ္ပံပညာက လက်မခံပေ။

mgyoe.com

mgyoe.com SAMPLE BOOK


သိပ္ပံနည်းကျ အမှန်တရားသည် အမြဲမပြတ် ပြောင်းလဲနေသည်။ အဆက်မပြတ် ပြောင်းလဲနေသော အာရုံခံဣန္ဒြေများအရ သိရသည့် ယုတ္တိဗေဒဆိုင်ရာ ဆန်းစစ်ခြင်းအပေါ်၌ သိပ္ပံပညာ၏ အမှန်တရား တည်ရှိနေသည်။

ထို့ကြောင့် သိပ္ပံနည်းကျ အမှန်တရား သို့မဟုတ် သမ္မုတိသစ္စာသည် အချိန်ကာလ၏ စမ်းသပ်ချက်ကို ခံနိုင်ရည်မရှိပေ။ အချိန်ကာလအားလျော်စွာ ပြောင်းလဲနေသည်ဟု ဆိုလိုသည်။ ယင်းအချက်ကို နားလည်သဘောပေါက်သော သိပ္ပံပညာရှင်တစ်ဦးတစ်ယောက်သည် သီအိုရီတစ်ခုခုကို ယင်းထက်ကောင်းသော အခြားသီအိုရီတစ်ခုခုနှင့် အစားထိုးလို့ရလျှင် ယင်းရှိရင်းစွဲ သီအိုရီကို ပယ်ဖျက်ပစ်ဖို့ ဝန်မလေးပေ။

သိပ္ပံပညာသည် အပေါ်ယံဗဟိဒ္ဓကမ္ဘာကိုသာ နားလည်အောင် ကြိုးစားပြီး လူ၏ အဇ္ဈတ္တလောကမျက်နှာပြင်ကို ခြစ်ပစ်သည်။ စာရင်းထဲက ထုတ်ပစ်သည်။ စိတ္တဗေဒနှင့်ပတ်သက်သော သိပ္ပံပညာသည်ပင် လူ၏ စိတ်ပိုင်းဆိုင်ရာ မငြိမ်းချမ်းမှု၊ ဂနာမငြိမ်မှု၏ အောက်ခြေနက်ရာသို့အထိ ရောက်အောင်မသွားပေ။

လူတစ်ယောက် စိတ်ဓာတ်ကျပြီး ဘဝနှင့်

mgyoe.com

mgyoe.com SAMPLE BOOK



ပတ်သက်၍ ငြီးငွေ့စိတ်ပေါ်လာသည်ဖြစ်ရာ သူ၏ အဇ္ဈတ္တအတွင်းလောက၌ အာရုံထွေပြားခြင်း၊ ဂနာမငြိမ်ဖြစ်ခြင်းများ ပြည့်နှက်နေလျှင် ယနေ့ သိပ္ပံပညာသည် ထိုသူအား အကူအညီပေးရန်အတွက် ခြေမဲ့လက်မဲ့ဖြစ်သွားသည့် အခြေသို့ ဆိုက်ရောက်သွားသည်။ လူ၏ပတ်ဝန်းကျင် လိုအပ်ချက်အတွက် ဖြည့်ဆည်းပေးသော လူမှုရေးသိပ္ပံပညာသည် လူတို့ကို စိတ်ရွှင်လန်းချမ်းမြေ့ဖွယ် အဆင့်တစ်ဆင့်ဆီသို့ ခေါ်သွားကောင်း ခေါ်သွားနိုင်သည်။ သို့ရာတွင် တိရစ္ဆာန်နှင့်မတူသော လူတို့အတွက်ကား ရုပ်ပိုင်းဆိုင်ရာ အဆင်ပြေမှုများထက် ပိုပြီး သူတို့ နေ့စဉ်တွေ့ကြုံရသော အတွေ့အကြုံများထဲက ပေါ်ပေါက်လာသည့် စိတ်ပျက်ခြင်း၊ စိတ်ဆင်းရဲခြင်းများနှင့် ပတ်သက်သော အကူအညီများရဖို့လည်း လိုအပ်လာသည်။

လူပေါင်းများစွာတို့သည် ယနေ့ ကြောက်လန့်နေရခြင်းများကြောင့်လည်းကောင်း၊ ထိတ်ထိတ်ပျာပျာဖြစ်ရခြင်းများကြောင့်လည်းကောင်း၊ လုံခြုံစိတ်ချရမှုကင်းမဲ့နေရခြင်းကြောင့်လည်းကောင်း စိတ်မချမ်းမသာဖြစ်နေကြသည်။ သို့သော်လည်း သိပ္ပံပညာသည် ယင်းလူများအတွက် အားကိုးစရာ၊ အားထားစရာ

mgyoe.com

mgyoe.com SAMPLE BOOK


ဖြစ်မလာပေ။ သိပ္ပံပညာသည် တိရစ္ဆာန်ဆန်သော သဘာဝကြောင့် အတွင်းသန္တာန်ထဲတွင် ပူလောင်နေသူတို့အား ကိုယ့်စိတ်ကိုယ် ထိန်းချုပ်ရန် ညွှန်ကြားပြောပြခြင်းငှာ မစွမ်းနိုင်ပေ။

သိပ္ပံပညာသည် လူကို တိုးတက်အောင် ပြုလုပ်နိုင်ပါသလော။ ပြုလုပ်နိုင်သည်ဆိုလျှင် သိပ္ပံပညာနယ်ပယ်၌ တိုးတက်မှုရှိနေသော တိုင်းပြည်များတွင် အဘယ်ကြောင့် အကြမ်းဖက်သော၊ အကျင့်သီလမဲ့သော အလေ့အကျင့်များကို ပြုလုပ်နေကြသနည်း။ သိပ္ပံပညာသည် တိုးတက်အောင်မြင်မှုရှိပြီး လူသားများအား အကျိုးထူးခံစားမှုများ ပေးနေသော်လည်း လူတို့၏ အတွင်းသားကို အခြေခံအရ ပြောင်းလဲမှုရှိအောင် အဘယ်ကြောင့် မလုပ်နိုင်သနည်း။ လူသားများအတွက် လုံခြုံစိတ်ချမှုရှိအောင် စွမ်းဆောင်ခြင်းမပြုလုပ်နိုင်ရုံမျှမက သိပ္ပံပညာသည် ကမ္ဘာလောကပျက်စီးရာပျက်စီးကြောင်း အလားအလာများနှင့် ကမ္ဘာလောကကြီးကို ခြိမ်းခြောက်ပြီးလျှင် လူတိုင်း၊ လူတိုင်းအား လုံခြုံမှုရှိအောင် ပြုလုပ်နေသည်။

သိပ္ပံပညာသည် ဘဝအတွက် အဓိပ္ပာယ်ရှိသော ရည်မှန်းချက်ကို မဖန်တီး မပြုလုပ်နိုင်ပေ။ အမှန်က သိပ္ပံပညာသည် လူ၏ စိတ်ပိုင်းဆိုင်ရာ ပန်းတိုင်နှင့်

mgyoe.com

mgyoe.com SAMPLE BOOK



ပတ်သက်ဆက်နွှယ်ခြင်း မရှိပေ။ သိပ္ပံပညာ၌ အတွင်းငုပ်နေသော ရုပ်ဝါဒသည် ရုပ်ပိုင်းဆိုင်ရာ နှစ်သက်ကျေနပ်မှုထက် မြင့်သော စိတ်ပိုင်းဆိုင်ရာပန်းတိုင်ကို ငြင်းပယ်သည်။

ပရမတ္ထသစ္စာဘက် လှည့်မကြည့်ဘဲ သမ္မုတိသစ္စာကိုသာ အလေးထားသော သိပ္ပံပညာသည် အရေးပါဆုံးဖြစ်သည့် ပြဿနာတချို့ကို လက်မခံဘဲ မေးခွန်းပေါင်းများစွာကို မဖြေဘဲ ထားသည်။ ဥပမာအားဖြင့် လူတို့တွင် တစ်ယောက်နှင့်တစ်ယောက် အဘယ်ကြောင့် ခြားနားချက်များ ရှိနေသနည်းဟု မေးလျှင် ယင်းမေးခွန်း၏ အဖြေကို ပြန်လည်ဖြေကြားသော သိပ္ပံပညာ၏ အဖြေစကားကို ကြားရဖို့ မလွယ်ပေ။

**ဖတ်စရာဂျာနယ်၊**
**အမှတ် (၁၈)၊ ၁၇၊ ၅၊ ၀၅။**

mgyoe.com

mgyoe.com SAMPLE BOOK

## မိန်းမဝတ္တရား

အိမ်ထောင်သည်ဘဝ၌ မိန်းမများ ကျင့်သုံးလိုက်နာအပ်သော ကျင့်ဝတ်တရားများနှင့်ပတ်သက်၍ ဗုဒ္ဓ ညွှန်ကြားထားချက်များ ရှိသည်။ အိမ်ထောင်တစ်ခု၏ ငြိမ်းချမ်းရေး၊ ညီညွတ်စည်းလုံးရေး၊ သဟဇာတဖြစ်ရေးသည် မိန်းမများ၏ပခုံးပေါ်တွင် အတိုင်းအရှည် ပမာဏကြီးစွာ တည်ရှိနေသည်။ ဗုဒ္ဓညွှန်ကြား ဟောပြထားသော အိမ်ထောင်ရှင်မိန်းမများ၏ တာဝန်ဝတ္တရားများသည် လက်တွေ့ကျသည်။ စိတ်ကူးယဉ် မဆန်ပေ။ အိမ်ထောင်သည် မိန်းမများ၏ ဘဝနှင့် အံဝင်ခွင်ကျဖြစ်သည်။ တစ်ဖက်သတ်မကျပေ။ မျှတသည်။

၁။ ဇနီးမယားသည် မိမိတို့၏ လင်ယောကျ်ားများနှင့် ပတ်သက်ပြီး အမြင်မစောင်းသင့်ပေ။

mgyoe.com

mgyoe.com SAMPLE BOOK


တစ်ဖက်သတ် တစ်ကြောင်းဆွဲ မလုပ်သင့်ပေ။
တစ်လမ်းသွား မလုပ်သင့်ပေ။ တစ်သွေးတစ်
သားတည်း သဘောထားသင့်သည်။ နှစ်ကိုယ့်
တစ်စိတ် ရှိသင့်သည်။

၂။ အိမ်ထောင်မိသားစုအပေါ်တွင် ထောက်ထား
ငဲ့ညှာမှု ရှိရသည်။

၃။ လင်ယောကျ်ား ရှာဖွေရရှိသော ငွေကြေး
ပမာဏနှင့် အိမ်စရိတ် ကာမိအောင် သုံးစွဲရ
သည်။ စီးတဲ့ရေ ဆည်တဲ့ကန်သင်း ဖြစ်ရမည်။
လင်ယောကျ်ား ရှာဖွေရရှိသော ငွေကြေးကို
သုံးစွဲရာ၌ လက်မဖွာ သင့်ပေ။ နေ့ဖို့ညစာ မျှော်
ကြည့်ဖို့ လိုသည်။ ရသမျှ ရှိသမျှ အကုန်သုံးပြီး
သုံးစရာမကျန်လျှင် ချေးငှားပြီး သုံးမည်ဟူ
သော စိတ်ထားမျိုး မမွေးသင့်ပေ။

၄။ ကာယဝစီ နှစ်လီသော အပြုအမူ ပြေပြစ်ရ
မည်။ ချိုသာရမည်။ သိမ်မွေ့ရမည်။ အာကြမ်း၊
လျှာကြမ်း၊ စရိုက်ကြမ်း မဖြစ်သင့်ပေ။

၅။ လင်ယောကျ်ားအပေါ် သစ္စာရှိရမည်။ ဖောက်လွဲ
ဖောက်ပြန်အပြုအမူမျိုး လုံးဝရှောင်ကြဉ်ရမည်။

၆။ သူတစ်ပါးအပေါ်တွင် ညှာတာစိတ် ထားရ
မည်။ လုံ့လ ဝီရိယ ရှိရမည်။

mgyoe.com

mgyoe.com SAMPLE BOOK



၇။ မိခင်တစ်ဦးက သားကို မွေးမြူကြည့်ရှုသကဲ့သို့ လင်ယောကျ်ားကို အရိပ်တကြည့်ကြည့် ကြည့်နေရမည်။

၈။ မာနထောင်လွှားခြင်း မရှိစေရ။ နှိမ့်နှိမ့်ချချ နေရမည်။

၉။ မိမိလင်ယောကျ်ားအပေါ် ဇနီးမယား တစ်ယောက်အနေဖြင့်သာမကဘဲ ကလျာဏမိတ္တ မိတ်ရင်းဆွေရင်း တစ်ယောက်အနေနှင့်လည်း လင်ယောကျ်ားအား အကူအညီလိုလျှင် အကူအညီပေးရမည်။ အကြံဉာဏ်လိုလျှင် အကြံဉာဏ်ပေးရမည်။

ဗုဒ္ဓလက်ထက်တော်အခါက အခြားဘာသာတရား ခေါင်းဆောင်များလည်း လင်ယောကျ်ားအပေါ်ထားရှိအပ်သော ဇနီးမယား၏ တာဝန်ဝတ္တရားများနှင့်ပတ်သက်ပြီး ညွှန်ကြား ပြောပြထားကြသည်။ ယင်းတို့၏ ညွှန်ကြားချက်များမှာ အထူးသဖြင့် လင်ယောကျ်ားအတွက် သားယောကျ်ားကလေး မွေးဖွားပေးရခြင်း၊ လင်ယောကျ်ားအား ပြုစုလုပ်ကျွေးရခြင်း၊ အိမ်ထောင့်စည်းစိမ်ချမ်းသာပေးရခြင်းတို့ ဖြစ်ကြသည်။

ယင်းတာဝန်ဝတ္တရားများနှင့် အလားတူပင်ကွန်ဖြူးရှပ်၏ အဆုံးအမများထဲတွင်လည်း ဇနီးမယား

mgyoe.com